# သုတေသနစာတမ်းပုံစံ

**စာတမ်းအင်္ဂါရပ်များ**

စာတမ်းတွင်- (၁) ခေါင်းစဉ်၊ (၂) စာတမ်းအကျဉ်း၊ (၃) သော့ချက်ဝေါဟာရ၊ (၄) နိဒါန်း၊ (၅)စာကိုယ်၊ (၆) ခြုံငုံသုံးသပ်ချက်၊ (၇)နိဂုံး၊ (၈) နောက်ဆက်တွဲ (လိုအပ် လျှင်)၊ (၉) ကျမ်း ကိုး စာရင်း ပါဝင်ရမည်ဖြစ်သည်။

**ခေါင်းစဉ်**

စာတမ်းခေါင်းစဉ်ကြီးသည် စာတမ်းရိုက်ရန် ချထားသော စာခွင်၏ အလယ်ဗဟိုတွင်ရှိ ရမည် ဖြစ်သည်။ စာလုံးအရွယ် (size) ကို font- Pyidaungsu size-18 points ဟု သတ်မှတ်ပါသည်။

**စာတမ်းအကျဉ်း**

စာတမ်း၏အဓိကကျသည့် အချက်အလက်များကို စာတမ်းအကျဉ်းတွင် ဖော်ပြရမည်။ စာတမ်းအကျဉ်းဆိုသော ခေါင်းစဉ်ကို font- Pyidaungsu size-13 points font style-bold ဖြင့် ရိုက်ရမည်ဖြစ်ပြီး ခေါင်းစဉ်နှင့် စာပိုဒ်ကြားတွင် Spacing- 6 points နှင့် စာကြောင်းတစ်ခုနှင့်တစ်ခုကြားတွင် Line Spacing – 1.06 ဖြင့်ထားရှိရမည်ဖြစ်သည်။ ရှာဖွေတွေ့ရှိချက်၊ သုံးသပ်ဖော်ပြချက်များကို အလေးပေးဖော်ပြရန် ဖြစ်ပါသည်။ စာတမ်း အကျဉ်းသည် စာလုံးရေ (၃၀၀) ထက်မပိုရပါ။ စာပိုဒ်မခွဲရပါ။ စာတစ်ပိုဒ် တည်းဖြစ်ရပါမည်။ စာတမ်းအကျဉ်းကို စာခွင်နှစ်ဖက်၏ အတွင်းသို့ Indentation-Special: 10 mm ဖြင့် သတ်မှတ်၍ အနည်းငယ်ဆုတ်၍ ရိုက်ရမည်။ စာလုံးပုံစံနှင့် အရွယ်အစားကို font- Pyidaungsu size-13 points ဟုသတ်မှတ်ပါသည်။

**သော့ချက်ဝေါဟာရများ**

စာတမ်းတွင် အဓိကကျသော ဝေါဟာရများအထူးသဖြင့် စာတမ်းတွင်အဓိကကျသည့် ပညာရပ်ဆိုင်ရာဝေါဟာရများကို ဖော်ပြရန်ဖြစ်သည်။ စာလုံးပုံစံနှင့် အရွယ်အစားကို font- Pyidaungsu size-12 points ဟုသတ်မှတ်ပါသည်။

**နိဒါန်း**

နိဒါန်းခေါင်းစဉ်ငယ်အတွက် စာတမ်းပုံစံနှင့် စာလုံးအရွယ်ကို font- Pyidaungsu size-13 points font style-bold ဖြင့် သတ်မှတ်ပြီး နိဒါန်း၏ လေ့လာတွေ့ရှိချက်များကို မိတ်ဆက်တင်ပြရာ၌ font- Pyidaungsu size-13 points font style-Regular သတ်မှတ် ပါသည်။ နိဒါန်းခေါင်းစဉ်ငယ်ကို စာခွင်၏

လက်ဝဲဘက် အစတွင်ထားရမည်။ စာပိုဒ်များကို စတင်ရေးသားရာတွင် Indentation-Special: 10 mm ဖြင့် သတ်မှတ်ပါသည်။

**စာကိုယ်**

စာကိုယ်တွင် ခေါင်းစဉ်ခွဲ၏အောက်တွင် ခေါင်းစဉ်ငယ်များဖြင့် ထပ်ဆင့်ခွဲခြားနိုင်သည်။ ခေါင်းစဉ်ခွဲနှင့် ခေါင်းစဉ်ခွဲငယ်များအတွက် စာလုံးပုံစံနှင့် အရွယ်အစားကို font- Pyidaungsu size-13 points font style-bold ဟုသတ်မှတ်ပါသည်။ ခေါင်းစဉ်၊ ခေါင်းစဉ်ခွဲ၊ ခေါင်းစဉ်ခွဲငယ် တစ်ခုစတိုင်း ခေါင်းစဉ်အောက်ရှိ ပထမဦးဆုံးစာပိုဒ်၏ အစသည် အတွင်းဘက်သို့မဆုတ်ဘဲ လက်ဝဲဘက်ထိပ်မှစရမည်ဖြစ်သည်။ နောက်စာပိုဒ်များမှာ အတွင်းသို့ Indentation-Special: 10 mm ဖြင့် အနည်းငယ်ဆုတ်ကာ စရမည်။ ခေါင်းစဉ်အလိုက်ပါဝင်မည့် စာပိုဒ်များကို ခွဲခြားဖော်ပြသည့်သဘောဖြစ်သည်။

**ခြုံငုံသုံးသပ်ချက်**

အထက်တွင်ရေးသားထားသော လေ့လာတွေ့ရှိချက်များကို ခြုံငုံသုံးသပ်တင်ပြရမည်။ အချက်အလက်အသစ်များကိုလည်း ဖြည့်စွက်ရေးသားပြီးထပ်မံဖော်ပြရမည်ဖြစ်သည်။

**နိဂုံး**

စာတမ်းတွင် သုတေသနလုပ်ဆောင်ချက်များကို နိဂုံးချုပ်ဖော်ပြရမည် ဖြစ်သည်။ ဆက်လက်လုပ်ဆောင်မည့် သုသေတနလုပ်ငန်းစဉ်ကိုလည်းကောင်း၊ သုတေသန လုပ် ဆောင်ချက်နှင့် ပတ်သက်ပြီး ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးတင်စကားကိုလည်း ကောင်း နိဂုံးတွင် ဖော်ပြနိုင်ပါသည်။

**နောက်ဆက်တွဲ**

လိုအပ်လျှင် ဆက်လက်ဖော်ပြနိုင်ရန် နောက်ဆက်တွဲအဖြစ် သုတေသနပြုလုပ်ချက် များကို ဖော်ပြရမည်ဖြစ်သည်။

**ကျမ်းကိုးစာရင်း**

စာတမ်းပြုစုရေးသားသူသည် သုတေသနစာတမ်းဖြစ်ပေါ်မှုအတွက် ဆက်စပ်လုပ်ဆောင်ခဲ့ထားသော တခြားသူများ၏ စာတမ်းများ၊ ကျမ်းများကို ရည်ညွှန်းဖော်ပြရန် ဖြစ်ပါသည်။ ရေးသားရာတွင် စာလုံးပုံစံနှင့် အရွယ်အစားကို font- Pyidaungsu size-13 points ဟု သတ်မှတ်ပြီး စာတမ်းတစ်ခုချင်းစီတွင် မြန်မာဂဏန်းများ ဥပမာ- (၁)…. တို့ဖြင့် ဖော်ပြရမည်ဖြစ်သည်။

**စာတမ်းရိုက်ရန်အနေအထား**

စာတမ်းရိုက်ရန် စာခွင်ကို အောက်ပါအတိုင်းသတ်မှတ်ပါသည်း

- လက်ဝဲဘက်၊ လက်ယာဘက်- 14.2 mm (0.56”)
- အပေါ်ထိပ်ဘက် - 19 mm (0.75”)
- အောက်ခြေ - 33 mm (1.3”)
- ချုပ်သား - 11.9 mm (0.47”)

**စာသားရိုက်ရန် စာလုံးပုံစံနှင့် အရွယ်အစား**

စာတမ်းအတွင်းစာသားများ ရိုက်နှိပ်ရန် စာလုံးပုံစံနှင့် အရွယ်အစားအတွက် ခေါင်းစဉ်ကို font-Pyidaungsu size-13 points font style-bold နှင့် သုတေသနလေ့လာတွေ့ရှိ ရှင်းလင်းချက်များကို font-Pyidaungsu size-13 points font style-Regular ဖြင့်သတ်မှတ်ထားပါသည်။ အင်္ဂလိပ်စာသားများကိုလည်း font- Pyidaungsu size-13 points ဖြင့်သာ ရိုက်ရမည်ဖြစ်သည်။ စာတစ်ပိုဒ်နှင့်တစ်ပိုဒ်အကွာအဝေးကို Spacing- 6 points နှင့် စာကြောင်းတစ်ခုနှင့်တစ်ခုကြားတွင် Line Spacing – 1.06 ဖြင့်ထားရှိရမည်ဖြစ်သည်။ စာပိုဒ်များမှာ အတွင်းသို့ Indentation-Special: 10 mm ဖြင့် အနည်းငယ်ဆုတ်ကာ စရမည်။